COVID Intensive Learning Support Program (CILSP)

Information for parents and carers

# COVID ရောဂါနှင့်ပတ်သက်၍ အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ်

## မိဘများနှင့် အုပ်ထိန်းသူများ အတွက် အချက်အလက်

### COVID ရောဂါနှင့်ပတ်သက်၍အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ် အကြောင်း

COVID ရောဂါနှင့်ပတ်သက်၍အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ် (COVID Intensive Learning Support Program (CILSP)) သည် NSW ပြည်နယ် မူလတန်း၊ အလယ်တန်းနှင့် အထူးကျောင်းများရှိ ဤအစီအစဉ်ကို လိုအပ်သောကျောင်းသားများအတွက် အုပ်စုငယ်အလိုက်ပညာသင်ကြားခြင်းများကို ပံ့ပိုးပေးသည်။

ဤအစီအစဉ်သည် NSW ပြည်နယ်ပညာရေးဌာန၊ NSW ပြည်နယ် ကက်သလစ်ကျောင်းများနှင့် NSW ပြည်နယ် ပုဂ္ဂလိကကျောင်းများ အသင်းတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြစ်သည်။

ဤအစီအစဉ်ကို အဓိကအားဖြင့် COVID-19 ရောဂါကြောင့် အိမ်မှသာ သင်ယူမှုကာလ တိုးချဲ့၍ပညာသင်ကြားခဲ့ရသောကျောင်းသားများအား ကူညီရန် မိတ်ဆက်ပေးခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် စာတတ်မြောက်ရေးနှင့် ကိန်းဂဏန်းအတတ်ပညာကို အဓိကထား သင်ကြား ဆောင်ရွက်ပါသည်။

ကျောင်းတခုစီသည်၊ အထူးလေ့ကျင့်ထားသော၊ ဆရာများနှင့် တက္ကသိုလ်ကထိကများ၊ မူကြိုကျောင်းဆရာများ၊ အခြားသော ပညာသင်ကြားပေးသူများ၊ ခန့်အပ်ထားကာ ၎င်းတို့ ကျောင်းသားများ၏ လိုအပ်ချက်များအပေါ် အခြေခံ၍ ကိုယ်ပိုင် အစီအစဉ်များကို ရေးဆွဲ စီမံဆောင်ရွက်ပါသည်။ အဆိုပါ အုပ်စုငယ်များအလိုက် သင်ခန်းစာများကို ကျောင်းမတက်မီ (သို့မဟုတ်) ကျောင်းတက်ပြီး (သို့မဟုတ်) ကျောင်းချိန်အတွင်း သင်ကြား နိုင်သည်။

### အစီအစဉ် ဘယ်လိုအလုပ်လုပ်သလဲ။

COVID ရောဂါနှင့်ပတ်သက်၍အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ်မှတဆင့်၊ ကျောင်းသားများအား အုပ်စုငယ်အလိုက် ပညာသင်ကြားခြင်းကို၊ ပို့ချမည့် အရန်ပညာသင်ကြားပေးသူများ ခန့်အပ်ရန်အတွက်၊ ကျောင်းများကို ရန်ပုံငွေ ပံ့ပိုးပေးသည်။

ကျောင်းအုပ်ကြီးနှင့် ပူးပေါင်း၍ အကဲဖြတ်မှုအမျိုးမျိုးကို အသုံးပြုကာ အတန်းပိုင်ဆရာသည် မည်သည့်ကလေးများသည် အုပ်စုငယ်အလိုက် ပညာသင်ကြားခြင်းမှ အကျိုးကျေးဇူးရရှိမည်ကို ဆုံးဖြတ်သည်။

ဤအစီအစဉ်အတွင်း ကလေးတဦးစီ၏ ပါဝင်မှုကို ၎င်းတို့၏ မိဘများ (သို့မဟုတ်) အုပ်ထိန်းသူများနှင့် ဆွေးနွေးပြီး သင်ကြားရေး အစီအစဉ် တခုကို ရေးဆွဲမည်ဖြစ်သည်။ ကလေး၏ တိုးတက်မှုကို ပုံမှန်စစ်ဆေးပြီးမိဘများ နှင့် အုပ်ထိန်းသူများ အား ဆက်သွယ်ခြင်းကို ဆက်လက် ဆောင်ရွက်မည်။

### အစီအစဉ်၏ အဓိကအင်္ဂါရပ်များ

- NSW ပြည်နယ် အစိုးရကျောင်းတိုင်းရှိ ကျောင်းသားများအား ဤအစီအစဉ်ဖြင့် ပံ့ပိုးပေးထားပါသည်။ 2021 ခုနှစ်တွင် စုစုပေါင်း ကျောင်းသား ၂၆၅,၀၀၀ ယောက်ကို ထောက်ပံ့ပေးခဲ့သည်။
- အစားထိုး ဆရာများ၊ အချိန်ပိုင်းဆရာများ၊ အငြိမ်းစားဆရာများနှင့် အလုပ်သင်ဆရာများ အပါအဝင် အရန်ပညာသင်ကြားပေးသူများ အားဖြင့် အုပ်စုငယ်အလိုက်ပညာသင်ကြားခြင်းကို ထားရှိပေးသည်။ ထိုပညာသင်ကြားခြင်းသည် ကျောင်းသားများ၏လိုအပ်ချက်များနှင့်ကိုက်ညီကြောင်း သေချာစေရန် အရန်ပညာသင်ကြားပေးသူများသည် အတန်းပိုင်ဆရာများနှင့် အနီးကပ် ဆောင်ရွက်ပါသည်။

- အဆိုပါပညာသင်ကြားခြင်းသည် စာတတ်မြောက်ရေးနှင့် ကိန်းဂဏန်းအတတ်ပညာကို အဓိကထား သင်ကြား ဆောင်ရွက်ပါသည်။
- ကျွမ်းကျင်ပညာသင်ကြားပေးသူများနှင့် စီမံခန့်ခွဲသူများ အဖွဲ့တဖွဲ့သည်အစီအစဉ်အကောင်အထည်ဖော်ရာတွင် ကျောင်းများကို ပံ့ပိုးကူညီလမ်းညွှန်ပေးသည်။
- အုပ်စုငယ်အလိုက်ပညာသင်ကြားခြင်းတွင် ကျောင်းသား ၂ယောက်မှ ၅ယောက် ကြားရှိ အုပ်စုများအတွက် ဖြည့်စွက်သင်ကြားခြင်းနှင့် သင်ယူခြင်းအကူအညီများ ပါဝင်သည်။ စာသင်ခန်း သင်ကြားပို့ချမှုကို အားဖြည့်ရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်သတ်မှတ်ထားသော အချိန်ကာလတခုအထိ ကျောင်းသားများအား သင်ကြားပေးပါသည်။

### COVID ရောဂါနှင့်ပတ်သက်၍အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ် နှင့် သင့်ကလေး

ဤအစီအစဉ်သည် သင့်ကလေးအတွက် အကျိုးရှိမည် ဆိုလျှင် သင့်ကလေး၏ ဆရာက သင့်ထံ ဆက်သွယ်လာမည်ဖြစ်ပါသည်။

ဤအစီအစဉ်အကြောင်း ပိုမိုသိရှိလိုလျှင် COVID ရောဂါနှင့်ပတ်သက်၍အထူးကြပ်မတ်သင်ယူမှု အထောက်အကူပြု အစီအစဉ် ဝက်ဘ်စာမျက်နှာ (COVID Intensive Learning Support Program webpage) သို့ ဝင်ရောက်ကြည့်ရှုပါ။ နောက်ထပ်အချက်အလက်များ လိုအပ်ပါက ဤအစီအစဉ်ကို သင့်ကလေး၏ ဆရာနှင့် ဆွေးနွေးပါ။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

အကြောင်း အရာ ပို မို သိလိုလျှင်၊ ကျောင်းအုပ် ကြီး ကို ဆက်သွယ် ပါ။ စကား ပြန် လို အပ် ခဲ့ လျှင်၊ ဘာသာပြန် ဌါန ဖြစ်သည့် 131 450 ကို ဆက်သွယ် ၍ မြန်မာ ဘာသာ စကားပြန် လို အပ် ကြောင်း တောင်း ဆို ပါ။ အော်ပရေတာ ကို လို အပ် သည့် ဖုံးနံပါတ် ပေး ပြီး၊ အော်ပရေတာ က သင့် အား ကူညီ စကား ပြော ပေး ရန် မြန်မာ စကား ပြန် ကို ခေါ် ၍ ဆက်သွယ် ပေးမည်။  စကားပြန် ဝန်ဆောင် မှု ကို အသုံး ချ သည့် အတွက် အခ ပေး ရန် မလို ပါ။